Government of Western Australia
North Metropolitan Health Service

BreastScreen WA
WA's only accredited screening service

# သင့်မင်မိုဂရမ်စစ်ဆေးမှုလုပ်ပြီးနောက်၊ မည်သို့ဖြစ် မည်နည်း?

## ဤကဲ့သို့အရေးကြီးသည့် ကျန်းမာရေးစစ်ဆေးမှု ခံယူခဲ့သည်ကို ချီးမွမ်းပါသည်။

သင့်ဓာတ်မှန်ပုံများကို ဓာတ်မှန်ဆရာဝန်ကြီးနှစ်ဦးက ဖတ်ပါမည်။ သင့်အဖြေများကို သင့်ထံသို့ နှစ်ပါတ်အတွင်း အီလက်ထရော နစ်နည်းဖြင့် သို့မဟုတ် စာတိုက်မှရောက်ရှိရန်၊ တတ်နိုင်သမျှ ဆောင်ရွက်ပါမည်။ သင်က၊ (အခြား တစ်နေရာသို့ ပို့ပေးရန် ပြောမထားလျှင်) မိတ္တူတစ်ခုကို သင် ရွေးထားသည့် မိသားစုဆရာဝန်ထံသို့လည်း ပို့ပေးပါမည်။ သင်၏ခွင့်ပြုချက်ဖြင့် သင့်မင်မိုဂရမ်အဖြေများကို သင်၏ ကျွန်ုပ်ကျန်းမာရေး မှတ်တမ်း (My Health Record) တွင် ထည့်သွင်းပါမည်။ သင်၌ စိတ်ပူပန်ရသည်များရှိပါက ကျွန်ုပ်တို့၏ဝက်ဗ်ဆိုက် www.breastscreen.health.wa.gov.au တွင်ဝင်ကြည့်ခြင်း သို့မဟုတ် ဖုန်း (08) 9323 6700 သို့မဟုတ် နယ်မှအခမဲ့ 1800 800 033 သို့ ဆက်သွယ်နိုင်ပါသည်။

### အကယ်၍ နောက်တစ် ကြိမ် ဓာတ်မှန်ရိုက်ရန် လိုအပ်ပါက မည်သို့ဖြစ်မည်နည်း?

ရုပ်ပုံမသဲကွဲခဲ့လျှင် ရံဖန်ရံခါ နောက် တစ်ကြိမ် ဓာတ်မှန် ထပ်ရိုက်ရန်၊ ဓာတ်မှန်ဆရာဝန်က တောင်းဆိုတတ်ပါသည်။ ယင်းသို့ လိုအပ်ခဲ့လျှင်၊ ဖုန်း သို့မဟုတ် စာဖြင့် သင်ပြန်လာရန် တောင်းဆိုပါမည်။ ယင်းသို့ဓာတ်မှန်များ ထပ်ရိုက်ခြင်းကို ရင်သားစိစစ်သည့်ဆေးခန်းတွင် ပြုလုပ်ပါမည်။

### နောက်ထပ်၍ ကျွန်ုပ်မှာ ရင်သားဓာတ်မှန်များ ရိုက်ရန် လိုအပ် မည်ဆိုပါက မည်သို့ဖြစ်မည်နည်း?

အမျိုးသမီး ၂၀ ဦးတွင် တစ်ဦးခန့်ကို နောက်ထပ်ရင်သား ဓာတ်မှန်များရိုက်ရန် ခေါ်ပါသည်။ ယင်း ဓာတ်မှန်များက၊ အသေးစိတ် စစ်ဆေးရန် လိုအပ်သည့် ရင်သားနေရာကို အဓိကထားပါမည်။ လိုအပ်ပါက၊ ဗရက်စခရင်းဒဗျူအေက၊ ရက်ချိန်းပေးရန် သင့်ကို ဆက်သွယ်ပါလိမ့်မည်။

### မြို့ပြဒေသအတွင်းနေထိုင်သည့်အမျိုးသမီးများ

မြို့ပြဒေသအတွင်းတွင်၊ နောက်ထပ်လိုအပ်သည့် ဓာတ်မှန်များကို ဗရက်စခရင်းဒဗျူအေ၏ ရင်သားစစ်ဆေးသည့်ဌာနများ (Fiona Stanley, Royal Perth နှင့် Sir Charles Gairdner ဆေးရုံများရှိ Breast Assessment Centres) တွင်ပြုလုပ်ပါမည်။ ယင်းကဲ့သို့ ဆက်လက် ဓာတ်မှန်များရိုက်ရာတွင်၊ မည်သည့်ပြဿနာ မရှိကြောင်း ပြသလေ့ ရှိပါသည်။ အနည်းငယ်သော အမျိုးသမီးများတွင်မူ အာထရာဆောင်း သို့မဟုတ် အသားစထုတ်ယူခြင်းကဲ့သို့သော ထပ်မံစစ်ဆေးမှုများ လိုအပ်ပါသည်။ ယင်းစစ်ဆေးမှုများကို ထပ်မံ ဓာတ်မှန်ရိုက်သည့်နေ့တွင် တစ်ချိန်တည်းလုပ်ပေးပါသည်။

### ဒဗျူအေနယ်ဒေသ၌နေထိုင်သည့်အမျိုးသမီးများ

နယ်မြို့ငယ်များတွင်နေထိုင်သည့် အမျိုးသမီးများအတွက်၊ ထပ်မံဓာတ်မှန်ရိုက်ခြင်းများကို ဓာတ်မှန်ကားဖြင့်လိုက်လံ ဆောင်ရွက်ပေးပါသည်။ ဗရက်စခရင်းဒဗျူအေက သင့်အတွက် ထပ်မံ စစ်ဆေးမှုများလိုလျှင် သင့်ကို ဆက်သွယ်ပါလိမ့်မည်။ နယ်ဒေသများအတွက် အမြဲတမ်းစိစစ်မှုနှင့် စစ်ဆေးသုံးသပ်မှုအတွက် ဘန်ဘရီ အနောက်တောင် ကျန်းမာရေးဌာန Bunbury South West Health Campus ရှိပါသည်။

### ထပ်မံဆက်လက်စစ်ဆေးမှုများ ပြုလုပ်ကြသည့် အမျိုးသမီးအများစုမှာ ကင်ဆာမရှိကြောင်း၊ သတိရှိထားရန် အရေးကြီးပါသည်။

စစ်ဆေးမှုများ ထပ်မံ ပြုလုပ်ရန်လိုအပ်သည့် အမျိုးသမီးများအားလုံးအနေဖြင့်၊ ကျွန်ုပ်တို့၏ ရင်သားစစ်ဆေးသည့် ဌာနများထဲမှ တစ်ခုခုသို့ ဆက်သွားရန် သို့မဟုတ် မိမိ၏ မိသားစုဆရာဝန်ထံသို့ သွားရန် ရွေးချယ်နိုင်ပါသည်။ ရင်သားစစ်ဆေးသည့်ဌာနတွင် အသားစစစ်ဆေးမှုအဖြေကို 24 နာရီကျော်ကြာပြီးမှ ရရှိသည်မှလွဲ၍၊ စစ်ဆေးမှု အဖြေများကို ရက်ချိန်းလာသည့် တနေ့တည်းအတွင်း ရရှိပါမည်။ ကင်ဆာရှိသည့် အနည်းငယ်သော အမျိုးသမီးများအတွက်၊ စောစီးစွာ တွေ့ရှိခြင်းက၊ အောင်မြင်စွာ ကုသနိုင်ခြေကို များစွာ ကောင်းမွန်စေပါသည်။ သေးငယ်သောရင်သား ကင်ဆာများကို၊ ခွဲစိတ်ကုသရာ၌၊ ကြီးမားသောကင်ဆာများလိုမဟုတ်ဘဲ၊ များသောအားဖြင့် ခွဲစိတ်ကုသမှုကြီး မလိုအပ်ပါ။

### မင်မိုဂရမ်စစ်ဆေးမှုက ရင်သားကင်ဆာအားလုံးကို ပြမည်လား?

မင်မိုဂရမ် စစ်ဆေးမှုဖြင့် ရင်သားကင်ဆာများကို 70-90% အထိ တွေ့ရှိနိုင်ပါသည်။ သို့ဖြစ်သော်လည်း အနည်းငယ်သော ကင်ဆာများကို မင်မိုဂရမ်ဖြင့် မတွေ့ရှိနိုင်ပါ။ မင်မိုဂရမ်မှ၊ ရင်သားကင်ဆာရှိမှုကြောင့် အပြောင်းအလဲကို မမြင်မှု (မရှိဟု မှားယွင်းမှု) သို့မဟုတ် ရင်သားကင်ဆာကြောင့် မဟုတ်သည့် အပြောင်းအလဲကြောင့် ထပ်မံ စစ်ဆေးမှုများကို ပြုလုပ်မှု (ရှိသည်ဟု မှားယွင်းမှု) တို့ကို ဖြစ်နိုင်ချေ ရှိပါသည်။

သင့်ရင်သားတွင် မင်မိုဂရမ်က ဘာမျှမပြသည့်တိုင်အောင် အဖုအကြိတ်များ၊ နို့သီးခေါင်းမှ အရည်ထွက်ခြင်း သို့မဟုတ် ရင်သားဆက်တိုက်နာကျင်မှု အသစ်ရှိလာခြင်းကဲ့သို့ တစ်ခုခု ပြောင်းလဲနေမှုကို သတိထားမိလျှင်၊ သင့်ဆရာဝန်ထံ အမြန် သွားပါ။ အရည်အိတ်ကဲ့သို့ ကင်ဆာမဟုတ်သော အပြောင်းအလဲများကို မင်မိုဂရမ်တွင် များသောအားဖြင့် မြင်ရလေ့ရှိသော်လည်း၊ ထပ်မံစစ်ဆေးမှုများလိုအပ်မှသာ သင့်ကို အကြောင်းကြားပါမည်။

## ထို့နောက် မည်သို့ ဖြစ်မည်နည်း?

ဗရက်စခရင်းဒဗျူအေက သင့်ထံ နောက်တစ်ကြိမ် မင်မိုဂရမ် မည်သည့်အချိန်တွင် ရိုက်ရန် အချိန်ကျပြီဖြစ်ကြောင်း စာပို့ပါမည်။ အကယ်၍ အကြောင်းတစ်ခုခုကြောင့်၊ သင်က စာမရရခဲ့လျှင်၊ ကျွန်ုပ်တို့ကို 13 20 50* တွင်ခေါ်ပါက၊ ကျွန်ုပ်တို့က သင့်အတွက် ရက်ချိန်းတစ်ခု စီစဉ်ပေးပါမည်။

ကျွန်ုပ်တို့၏အစီအစဉ်ဖြင့် သင်ရိုက်ထားသောမင်မိုဂရမ်များကို၊ နောက်နောင်စစ်ဆေးမှုများနှင့် နှိုင်းယှဉ်နိုင်ရန်၊ သေချာစွာ သိမ်းဆည်းထားပါသည်။

အသက် ၇၅ နှစ်နှင့်အထက် အမျိုးသမီးများထံသို့ ရက်ချိန်းသတိပေးစာ မပို့တော့သော်လည်း အွန်လိုင်း သို့မဟုတ် ဖုန်းနံပါတ် 13 20 50* တွင် ဆက်၍ ရက်ချိန်း တောင်းနိုင်ပါသည်။

သင့်အိမ်လိပ်စာ ပြောင်းပါက ဖုန်းနံပါတ် 13 20 50* ကို ခေါ်ပြီး၊ ကျွန်ုပ်တို့ကို အကြောင်းကြားပါ။

စကားပြန်လိုပါက 13 14 50 ကို ခေါ်ပါ။

(* မြို့တွင်းခေါ်စရိတ်ဖြင့်)

## ကျွန်ုပ် နောက်ထပ်မည်သည်ကို လုပ်ရဦးမည်နည်း?

**အသက် ၅၀ နှစ်နှင့်အထက် အမျိုးသမီးများ နှစ်နှစ်တစ်ကြိမ် အခမဲ့ မင်မိုဂရမ်စစ်ဆေးမှု ရခွင့်ရှိပါသည်။**

- အကယ်၍သင် မှန်မှန်စစ်ဆေးမှု ခံယူပါက၊ ရင်သားကင်ဆာတစ်ခုခု တွေ့လာခဲ့လျှင်၊ ဖြစ်ခါစအခြေအနေ ဖြစ်နိုင်ပါသည်။
- မိသားစုအတွင်း ရင်သားကင်ဆာဖြစ်ခဲ့မှု နောက်ကြောင်း ရှိသူ၊ 1% မှ 5% သော အမျိုးသမီးများလောက်သာ နှစ်စဉ် မင်မိုဂရမ် စစ်ဆေးရန် လိုအပ်နိုင်သည်။
- သင့်တွင် ယခင်က ရင်သားကင်ဆာဖြစ်ခဲ့ဘူးလျှင်၊ သင့် မိသားစုဆရာဝန်နှင့် မှန်မှန်တွေ့ပြီး နှစ်စဉ်နှစ်တိုင်း မင်မိုဂရမ် စစ်ဆေးမှုလုပ်ရန် အရေးကြီးပါသည်။

**မိမိရင်သားကို မိမိသတိထားပါ။**

- သင့်ရင်သားနှင့် မိမိအတွက်ပုံမှန်အနေအထားကိုသိရှိပါ။ မကြာခဏ မိမိရင်သားများကို မှန်ထဲတွင်ကြည့်ပြီး၊ လက်ဖြင့်စမ်းသပ်ပါ။
- သင့်ရင်သားများတွင် ပုံမှန်မဟုတ်သော ပြောင်းလဲမှု တစ်ခုခု သတိထားမိလျှင်၊ သင့်မိသားစုဆရာဝန်ကို အမြန်သွားတွေ့ပါ။
- သင့်မိသားစုဆရာဝန်နှင့် ကျန်းမာရေးဆေးစစ်ရမည့် အချိန်တွင်၊ ရင်သားကျန်းမာရေးအကြောင်း မေးမြန်းပါ။

**လစ်လျူရှုမှုမပြုသင့်သောအပြောင်းအလဲများတွင်-**

၁။ အဖုအကြိတ်၊ အလုံးပုံစံသို့မဟုတ် ရင်သားနှင့် ချိုင်း ကြားတွင် ထူထပ်လာခြင်း၊
၂။ နို့သီးခေါင်းချိုင့်ခြင်း၊ နို့သီးခေါင်းမှအရည်အသစ်ထွက်ခြင်း၊ ယားယံခြင်း သို့မဟုတ် အရည်ပြားပေါ်အနာဖြစ်ခြင်း၊
၃။ ရင်သားအရည်ပြား၌ချိုင့်ခြင်း၊ ဖေါင်းခြင်း သို့မဟုတ် အနီရောင်သန်းခြင်း၊
၄။ ရင်သားတစ်နေရာတွင် အခြားနေရာနှင့်မတူသော ခံစားမှု ဖြစ်ခြင်း၊
၅။ ဆက်တိုက်ရင်သားနာကျင်မှု အသစ်ဖြစ်နေခြင်းတို့ ပါဝင်ပါသည်။

## သင့်မှာ မေးစရာများ ရှိပါသလား?

သင့်မိသားစုဆရာဝန်ကို ဆက်သွယ်ပါ သို့မဟုတ် ဗရက်စခရင်း ဒဗျူအေ BreastScreen WA ကို 13 20 50 တွင် ရက်ချိန်းအတွက်၊ (08) 9323 6700 တွင် သိကောင်းစရာများအတွက်နှင့် နယ်ဒေသမှ အမျိုးသမီးများအတွက် အခမဲ့ဖြင့် 1800 800 033 ကို ဆက်သွယ်ပါ။

အီးမေးလ်- breastscreenwa@health.wa.gov.au

တစ်နိုင်ငံလုံးဆိုင်ရာ ထပ်ဆင့်စကားပြန် ဝန်ဆောင်မှု (National Relay Service) www.relayservice.gov.au

Translating and Interpreting Service (TIS) 13 14 50

**သင့်ဘာသာစကားဖြင့် နောက်ထပ် သိကောင်းစရာများကို ဗရက်စခရင်း ဒဗျူအေ ဝက်ဘ်ဆိုက်၌ ရရှိနိုင်ပါသည်။**

www.breastscreen.health.wa.gov.au/Breast-screening/Multicultural-women

BreastScreen AUSTRALIA
A joint Australian, State and Territory Government Program

BEAT BREAST CANCER
HAVE A FREE X-RAY
RING : 13 20 50

LIKE US ON facebook

MAY 2020

**www.breastscreen.health.wa.gov.au**